ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန

# မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင် ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES)

နှင့်

ဥပဒေအရ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

# မာတိကာ

မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ် မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora–CITES)........................................................................................................... ၁

CITES နောက်ဆက်တွဲ (Appendix) စာရင်းဝင် မျိုးစိတ်များကို တင်ပို့ခြင်း၊ တင်သွင်း ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ......................................................................................................... ၁

CITES အကောင်အထည်ဖော်ခြင်း............................................................................................. ၈

ဇီဝမျိုးစုံမျိုးကွဲ နှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) တွင် ပါရှိသည့် CITES ဆိုင်ရာ ပြဋ္ဌာန်းချက်များ ..............................................................၁၀

ဥပဒေအရ ကာကွယ်ထားသည့် မျိုးစိတ်များ.................................................................................၁၅

CITES Permit အတုများ ...........................................................................................................၂၀

## မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန် နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES)

၁။ နိုင်ငံတကာကုန်သွယ်မှုကြောင့် တောရိုင်းတိရစ္ဆာန်များ နှင့် သဘာဝအပင်များ လျင်မြန်စွာ ပျောက်ဆုံးသွားခြင်းကို ကာကွယ်နိုင်ရန် CITES ကို ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့ပြီး နိုင်ငံပေါင်း (၁၈၀) ကျော်မှ လက်မှတ် ရေးထိုးထားပါသည်။ CITES ၏ ရည်ရွယ်ချက်မှာ တောရိုင်းတိရစ္ဆာန်များ နှင့် သဘာဝအပင်များအပေါ် နိုင်ငံတကာ ကုန်သွယ်မှုကို ထိန်းချုပ်နိုင်ရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် CITES သို့ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။

၂။ CITES သည် ကုန်သွယ်မှုများအတွက် မျိုးစိတ်များကို နောက်ဆက်တွဲ (၃) ခု ဖြင့် သတ်မှတ်ထားပါသည်-

(က) **နောက်ဆက်တွဲ (၁) မျိုးစိတ်များ**
သိပ္ပံဆိုင်ရာသုတေသနပြုလုပ်ရန်အတွက်သာ တင်ပို့ခြင်း၊ တင်သွင်းခြင်းပြုလုပ်နိုင်သည်။

(ခ) **နောက်ဆက်တွဲ (၂) မျိုးစိတ်များ**
သဘာဝကို ထိခိုက်မှုမရှိဘဲ ထုတ်လုပ်ခြင်း၊ စနစ်တကျ စိုက်ပျိုးမွေးမြူခြင်းအရသာတင်ပို့ခြင်း၊ တင်သွင်းခြင်းပြုလုပ်နိုင်သည်။

(ဂ) **နောက်ဆက်တွဲ (၃)**
နိုင်ငံအလိုက်သီးခြားသတ်မှတ်ထားသည့် မျိုးစိတ်များဖြစ်သည်။

### CITES နောက်ဆက်တွဲ (Appendix) စာရင်းဝင် မျိုးစိတ်များကို တင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

၃။ CITES နောက်ဆက်တွဲ (Appendix) စာရင်းဝင်မျိုးစိတ်များကို တင်ပို့ခြင်း၊ တင်သွင်းခြင်းအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားပြီး၊ အဓိကအားဖြင့် ရေရှည် တည်တံ့နိုင်သောနည်းလမ်းဖြင့် စနစ်တကျ ထုတ်လုပ်ထားမှု၊ သဘာဝဂေဟစနစ်နှင့် မျိုးစိတ် များအပေါ် ထိခိုက်ခြင်း မရှိမှု၊ ထုတ်ပိုးသယ်ယူပို့ဆောင်ရာတွင် ထိခိုက်နည်းပါးအောင် စီမံထားမှုတို့ဖြစ်ပါသည်။

## (၃-၁) CITES Appendix I တွင်ပါဝင်သော မျိုးစိတ်များဆိုင်ရာ သတ်မှတ်ချက်များ

### (က) တင်ပို့ခြင်း

CITES နောက်ဆက်တွဲ (က) (Appendix I) တွင်ပါဝင်သော မည် သည့် မျိုးစိတ်ကိုမဆို တင်ပို့ရာတွင် ကနဦးထောက်ခံချက် နှင့် **တင်ပို့ ခွင့် ပါမစ် Export Permit** တို့ကို လိုအပ်ပါသည်။ တင်ပို့ခွင့် ပါမစ်တစ်ခုအား ထုတ်ပေးခြင်းကို အောက်ဖော်ပြပါများနှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်-

- တင်ပို့ခွင့်ပြုမှုသည် တင်ပို့မည့်မျိုးစိတ်၏ရှင်သန်တည်တံ့မှုကို ထိခိုက်မှုမရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Scientific Authority မှ ရှင်းလင်းဖော်ပြပြီး ဖြစ်ရမည်၊
- တင်ပို့ခွင့်ပြုမှုသည် တင်ပို့မည့်နိုင်ငံ၏ အပင် နှင့် တိရစ္ဆာန် တို့ကို ကာကွယ်ထိန်းသိမ်းရန် ထုတ်ပြန်ထားသော ဥပဒေများအား ဆန့်ကျင်မှု မရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်၊
- သက်ရှိမျိုးစိတ်များအား တင်ပို့မည်ဆိုပါက ၄င်းသက်ရှိမျိုးစိတ် များကို တင်ပို့ရာ၌ ဒါဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေး ယိုယွင်းပျက်ပြားနိုင်မှု နှင့် ယဉ်ပါးအောင်ထိန်း ကျောင်းမှုတို့တွင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ပြင်ဆင်၍ တင်ပို့မည်ဖြစ်ကြောင်း တင်ပို့မည့် နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်၊
- တင်ပို့မည့်မျိုးစိတ်အတွက် တင်ပို့မည့် နိုင်ငံသို့ **တင်သွင်းခွင့်ပါမစ် Import Permit** တစ်ခုကို တရားဝင်ခွင့်ပြုပေးပြီဖြစ်ကြောင်း တင်ပို့မည့်နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်။

### (ခ) တင်သွင်းခြင်း

နောက်ဆက်တွဲ (က) (Appendix I) တွင်ပါဝင်သော မည်သည့်မျိုးစိတ်ကိုမဆို တင်သွင်းရာတွင် ကနဦး ထောက်ခံချက်၊ တင်သွင်းခွင့် ပါမစ် နှင့် တင်ပို့ခွင့်ပါမစ် (သို့မဟုတ်) ထပ်ဆင့် တင်ပို့ခွင့်ပါမစ် တို့ကို လိုအပ်ပါသည်။ တင်သွင်းခွင့်ပါမစ် ထုတ်ပေးခြင်းကို တစ်ဖက်ပါအရာများ နှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်။

- တင်သွင်းခွင့်ပြုမှုသည် တင်သွင်းမည့်မျိုးစိတ်၏ ရှင်သန်ရပ်တည် မှုကို ထိခိုက်မှုမရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Scientific Authority မှ ရှင်းလင်းဖော်ပြပြီး ဖြစ်ရမည်။
- တင်သွင်းခွင့်ပြုရန် တင်ပြလျှောက်ထားသော သက်ရှိမျိုးစိတ် အတွက် သင့်တင့်လျှောက်ပတ်သော နေရာထိုင်ခင်းများ စီစဉ်ထားခြင်း၊ ပြုစု စောင့်ရှောက်ရန် စီစဉ်ထားခြင်းတို့သည် တင်သွင်းမည့် နိုင်ငံ၏ Scientific Authority မှ ကျေနပ်လက်ခံနိုင်မည့်စီစဉ် ထားမှုမျိုး ဖြစ်ရမည်။
- တင်သွင်းမည့်မျိုးစိတ်ကို စီးပွါးရေး အကျိုးအမြတ်ရမည့် လုပ်ငန်း များအတွက် အဓိကရည်ရွယ်မှု မရှိပါကြောင်း တင်သွင်းခွင့်ပြုမည့် Management Authority အား ရှင်းလင်းသိမြင်စေရမည်။

**(ဂ) ထပ်ဆင့်တင်ပို့ခြင်း (Re-Export)**

နောက်ဆက်တွဲ (က) (Appendix I) တွင်ပါဝင်သော မည်သည့် မျိုးစိတ် ကိုမဆို ထပ်ဆင့် တင်ပို့ရာတွင် ကနဦး ထောက်ခံချက် နှင့် ထပ်ဆင့် တင်ပို့ခွင့်ပါမစ် တင်ပြချက်တို့ကို လိုအပ်ပါသည်။ ထပ်ဆင့်တင်ပို့ ခွင့်ပါမစ် ထုတ်ပေးခြင်းကို အောက်ဖော်ပြပါများနှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါ မည်-

- ထပ်ဆင့် တင်ပို့မည့်မျိုးစိတ်သည် CITES ၏ စည်းမျဉ်းစည်းကမ်း များအတိုင်း တင်သွင်းခဲ့သည့် မျိုးစိတ်ဖြစ်ကြောင်း ထပ်ဆင့်တင်ပို့ ခွင့်ပြုမည့် Management Authority အား ရှင်းလင်းသိမြင်စေ ရမည်။
- သက်ရှိမျိုးစိတ်များအား ထပ်ဆင့် တင်ပို့မည်ဆိုပါက ၄င်းသက်ရှိ မျိုးစိတ်များအား တင်ပို့ရာ၌ ဒဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေး ယိုယွင်း ပျက်ပြားနိုင်မှုနှင့် ယဉ်ပါးအောင် ထိန်းကျောင်းမှုတို့တွင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပြင်ဆင်၍ တင်ပို့မည်ဖြစ်ကြောင်း ထပ်ဆင့် တင်ပို့မည့်နိုင်ငံ၏ Management Authority အား ရှင်းလင်း သိမြင် စေရမည်။
- ထပ်ဆင့်တင်ပို့မည့် မျိုးစိတ်အတွက် တင်သွင်းခွင့် ပါမစ် တစ်ခုကို တရားဝင် ခွင့်ပြုပေးပြီးဖြစ်ကြောင်း ထပ်ဆင့် တင်ပို့မည့် နိုင်ငံ၏ Management Authority ရှင်း လင်းသိမြင်စေရမည်။

### (ဃ) ပင်လယ်ပြင်မှ စတင်ထုတ်ယူသုံးစွဲခြင်း (Introduction from the Sea)

Appendix I တွင်ပါဝင်သော မည်သည့် မျိုးစိတ်အားမဆို ပင်လယ်ပြင်မှ စတင်ထုတ်ယူ သုံးစွဲရာတွင် စတင်ထုတ်ယူ သုံးစွဲမည့် နိုင်ငံ၏ Management Authority မှ ခွင့်ပြုထုတ်ပေးထားသော ကနဦး ထောက်ခံချက် လက်မှတ်အား လိုအပ်ပါသည်။ ပင်လယ်ပြင်မှ စတင် ထုတ်ယူ သုံးစွဲခြင်းကို ခွင့်ပြုသော ထောက်ခံချက်လက်မှတ်အား အောက်ဖော်ပြပါ အရာများနှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်။

- စတင်ထုတ်ယူသုံးစွဲခြင်းသည် စတင်ထုတ်ယူသုံးစွဲမည့်မျိုးစိတ်၏ ရှင်သန်ရပ်တည်မှုကို ထိခိုက်မှုမရှိကြောင်း စတင်ထုတ်ယူသုံးစွဲမည့် နိုင်ငံ၏ Scientific Authority မှ ရှင်းလင်းဖော်ပြပြီး ဖြစ်ရမည်။
- စတင်ထုတ်ယူသုံးစွဲခွင့်ပြုရန် တင်ပြလျှောက်ထားသော သက်ရှိမျိုးစိတ်အတွက် သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများ စီစဉ်ထားခြင်း၊ ပြုစုစောင့်ရှောက်ရန် စီစဉ်ထားခြင်းတို့သည် စတင်ထုတ်ယူ သုံးစွဲမည့်နိုင်ငံ၏ Management Authority မှ ကျေနပ်လက်ခံနိုင်မည့် စီစဉ်ထားမှုမျိုး ဖြစ်ရမည်။
- စတင်ထုတ်ယူသုံးစွဲမည့်မျိုးစိတ်အား စီးပွါးရေးအကျိုးအမြတ်ရ မည့်လုပ်ငန်းများအတွက် အဓိက ရည်ရွယ်မှုမရှိပါကြောင်း စတင်ထုတ်ယူသုံးစွဲမည့် နိုင်ငံ၏ Management Authority အား ရှင်း လင်းသိမြင်စေရမည်။

## (၃-၂) CITES Appendix II တွင်ပါဝင်သော မျိုးစိတ်များဆိုင်ရာ သတ်မှတ်ချက်များ

### (က) တင်ပို့ခြင်း

နောက်ဆက်တွဲ (ခ) (Appendix II) တွင်ပါဝင်သော မည်သည့် မျိုးစိတ်ကိုမဆို တင်ပို့ရာတွင် ကနဦး ထောက်ခံချက် နှင့် တင်ပို့ခွင့်ပါမစ် တင်ပြချက် တို့ကို လိုအပ်ပါသည်။ တင်ပို့ခွင့်ပါမစ် ထုတ်ပေးခြင်းကို တစ်ဖက်ပါ အချက်များ နှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်-

- တင်ပို့ခွင့်ပြုမှုသည် တင်ပို့မည့်မျိုးစိတ်၏ ရှင်သန်တည်တံ့မှုကို ထိခိုက်မှု မရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Scientific Authority မှ ရှင်းလင်းဖော်ပြပြီး ဖြစ်ရမည်။

- တင်ပို့ခွင့်ပြုမှုသည် တင်ပို့မည့်နိုင်ငံ၏ အပင်နှင့် တိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းရန် ထုတ်ပြန်ထားသော ဥပဒေများအား ဆန့်ကျင်မှုမရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်။
- သက်ရှိမျိုးစိတ်များကို တင်ပို့မည်ဆိုပါက ၎င်းသက်ရှိမျိုးစိတ်များ အား တင်ပို့ရာ၌ ဒဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေး ယိုယွင်းပျက်ပြားနိုင်မှု နှင့် ယဉ်ပါးအောင်ထိန်းကျောင်းမှုတို့တွင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေရန် ပြင်ဆင်၍တင်ပို့မည်ဖြစ်ကြောင်း တင်ပို့မည့် နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေ ရမည်။
- ပြည်ပသို့ တင်ပို့ခွင့် ပြုထားသည့် Appendix II တွင်ပါဝင်သော မျိုးစိတ်များ နှင့် ၎င်းမျိုးစိတ်များအား ပြည်ပသို့ အမှန်တကယ် တင်ပို့မှုကို တင်ပို့ခွင့်ပြုသည့် နိုင်ငံ နှင့် တင်သွင်းခွင့်ပြုသည့် နိုင်ငံတို့၏ Scientific Authority တို့မှ ကြပ်မတ်စစ်ဆေးရန် လိုအပ်ပါသည်။ တင်ပို့ခွင့်ပြုထားသည့် မျိုးစိတ်များသည် ၎င်းတို့ ရှင်သန်နေသော ဂေဟာစနစ်များတွင် ဆက်လက်ရှင်သန် တည်တံ့ရန် လိုအပ်သော ဦးရေအား ထိန်းသိမ်းကာကွယ်ရန် လိုအပ်ခြင်းကြောင့် ပြည်ပသို့ တင်ပို့ခွင့်ပြုထားသည့် မျိုးစိတ်များအား ကန့်သတ် သင့်သည်ဟု Scientific Authority မှ ဆုံးဖြတ်သည့် အခြေအနေ၌ လည်းကောင်း၊ ပြည်ပသို့ တင်ပို့ခွင့်ပြုထားသည့် မျိုးစိတ်များသည် Appendix I တွင် ထည့်သွင်းရန် လိုအပ်သည့် အခြေအနေသို့ ရောက်ရှိနေသည်ဟု Scientific Authority မှ ဆုံးဖြတ်သည့် အခြေအနေ၌လည်းကောင်း၊ ပြည်ပသို့ တင်ပို့ခွင့်ပြုထားသည့် မျိုးစိတ်များနှင့် ပတ်သက်၍ ကန့်သတ်ရန်အတွက် လိုအပ်သော လုပ်ဆောင်မှုများကို ပြုလုပ်ရန် Scientific Authority သည် Management Authority သို့ အကြံပြုသင့်ပါသည်။

### (ခ) တင်သွင်းခြင်း

Appendix II တွင်ပါဝင်သော မည်သည့်မျိုးစိတ်ကိုမဆို တင်သွင်းရာ တွင် တင်ပို့ခွင့်ပါမစ် (Export Permit) (သို့မဟုတ်) ထပ်ဆင့် တင်ပို့ခွင့်ပါမစ် (Re-Export Permit) တို့ကို လိုအပ်ပါသည်။

### (ဂ) ထပ်ဆင့်တင်ပို့ခြင်း

Appendix II တွင်ပါဝင်သော မည်သည့်မျိုးစိတ်ကိုမဆို ထပ်ဆင့်တင် ပို့ရာတွင် ကနဦးထောက်ခံချက်နှင့် ထပ်ဆင့်တင်ပို့ခွင့်ပါမစ် (Re-Export Permit) တို့ကို လိုအပ်ပါသည်။ Re-Export Permit တစ်ခုအား ထုတ် ပေးခြင်းကို အောက်ဖော်ပြပါအရာများ နှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါ မည်။

- ထပ်ဆင့် တင်ပို့မည့်မျိုးစိတ်သည် CITES ၏ စည်းမျဉ်းစည်းကမ်း များအတိုင်း တင်သွင်းခဲ့သော မျိုးစိတ်ဖြစ်ကြောင်း ထပ်ဆင့် တင် ပို့ခွင့်ပြုမည့် Management Authority အား ရှင်းလင်းသိမြင်စေရ မည်။
- သက်ရှိ မျိုးစိတ်များကို ထပ်ဆင့် တင်ပို့မည်ဆိုပါက ၄င်းသက်ရှိ မျိုးစိတ်များအား တင်ပို့ရာ၌ ဒဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေး ယိုယွင်း ပျက်ပြားနိုင်မှု နှင့် ယဉ်ပါးအောင် ထိန်းကျောင်းမှုတို့တွင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ပြင်ဆင်၍ တင်ပို့မည်ဖြစ်ကြောင်း ထပ်ဆင့် တင်ပို့မည့် နိုင်ငံ၏ Management Authority အား ရှင်းလင်း သိမြင် စေရမည်။

### (ဃ) ပင်လယ်ပြင်မှ တင်သွင်းခြင်း (Introduction from the Sea)

Appendix II တွင်ပါဝင်သော မည်သည့်မျိုးစိတ်အားမဆို ပင်လယ် ပြင်မှ စတင်ထုတ်ယူ သုံးစွဲရာတွင် စတင်ထုတ်ယူ သုံးစွဲမည့် နိုင်ငံ၏ Management Authority မှ ခွင့်ပြုထုတ်ပေးထားသော ကနဦး ထောက်ခံချက်လက်မှတ်အား လိုအပ်ပါသည်။ ပင်လယ်ပြင်မှ စတင် ထုတ်ယူ သုံးစွဲခြင်းကို ခွင့်ပြုသော ထောက်ခံချက်လက်မှတ်အား အောက် ဖော်ပြပါများနှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်။

- စတင်ထုတ်ယူသုံးစွဲခြင်းသည် စတင်ထုတ်ယူသုံးစွဲမည့် မျိုးစိတ်၏ ရှင်သန် တည်တံ့မှုကို ထိခိုက်မှုရှိစေမည် မဟုတ်ကြောင်း စတင်

ထုတ်ယူ သုံးစွဲမည့် နိုင်ငံ၏ Scientific Authority မှ ရှင်းလင်း ဖော်ပြပြီး ဖြစ်ရမည်။

- စတင်ထုတ်ယူ သုံးစွဲမည့် မည်သည့် သက်ရှိမျိုးစိတ်များအတွက်မဆို ဒဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေး ယိုယွင်းပျက်ပြားနိုင်မှု နှင့် ယဉ်ပါး အောင် ထိန်းကျောင်းမှုတို့တွင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ကိုင်တွယ် ဆောင်ရွက်မည်ဖြစ်ကြောင်း စတင်ထုတ်ယူသုံးစွဲမည့် နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေ ရမည်၊
- စတင်ထုတ်ယူသုံးစွဲခြင်းပြုရန် ခွင့်ပြုထားသော ထောက်ခံချက် များအား ထုတ်ပေးရာတွင် Scientific Authority မှ အခြား Scientific Authority များနှင့် လည်းကောင်း၊ အခါအားလျော်စွာ နိုင်ငံတကာမှ Scientific Authority များနှင့်လည်းကောင်း ဆွေးနွေးအကြံပြုချက် များအပေါ်မူတည်၍ စတင်ထုတ်ယူသုံးစွဲရန် ခွင့်ပြုကာလကို (၁) နှစ် ထက်ပို၍ ကျော်လွန်ခြင်း မရှိစေရန် သတ်မှတ်သင့်ပါသည်။

## (၃-၃) CITES Appendix III တွင်ပါဝင်သော မျိုးစိတ်များဆိုင်ရာ သတ်မှတ်ချက်များ

### (က) တင်ပို့ခြင်း

Appendix III တွင်ပါဝင်သော မည်သည့်မျိုးစိတ်အားမဆို တင်ပို့ရာတွင် ကနဦးထောက်ခံချက် နှင့် Export Permit တင်ပြချက်တို့ကို လိုအပ်ပါ သည်။ Export Permit တစ်ခုအား ထုတ်ပေးခြင်းကို အောက်ဖော်ပြပါ များနှင့် ကိုက်ညီမှုရှိမှ ထုတ်ပေးရပါမည်-

- တင်ပို့ခွင့်ပြုမှုသည် တင်ပို့မည့် နိုင်ငံ၏ အပင်နှင့် တိရစ္ဆာန်တို့ကို ကာကွယ် ထိန်းသိမ်းရန် ထုတ်ပြန်ထားသော ဥပဒေများအား ဆန့် ကျင်မှုမရှိကြောင်း တင်ပို့မည့်နိုင်ငံ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်၊
- သက်ရှိမျိုးစိတ်များကို တင်ပို့မည်ဆိုပါက ၎င်းသက်ရှိမျိုးစိတ်များ အား တင်ပို့ရာ၌ ဒဏ်ရာရရှိနိုင်မှု၊ ကျန်းမာရေးယိုယွင်းပျက်ပြား နိုင်မှု နှင့် ယဉ်ပါးအောင်ထိန်းကျောင်းမှုတို့တွင် ထိခိုက်မှု အနည်း ဆုံးဖြစ်စေရန် ပြင်ဆင်၍တင်ပို့မည်ဖြစ်ကြောင်း တင်ပို့မည့် နိုင်ငံ ၏ Management Authority အား ရှင်းလင်းသိမြင်စေရမည်။

### (ခ) တင်သွင်းခြင်း

Appendix III တွင်ပါဝင်သော မည်သည့်မျိုးစိတ်အားမဆို တင်သွင်းရာတွင် **Re-Eeport Permit** နှင့်ပတ်သက်သော အခြေအနေမျိုးများ၊ မူရင်းဒေသအား ထောက်ခံ ဖော်ပြထားသော တင်ပြချက်နှင့် တင်သွင်းမည့်မျိုးစိတ်သည် တင်ပို့မည့်နိုင်ငံမှ Appendix III တွင် ထည့်သွင်းထားကြောင်း ဖော်ပြထားသည့် အခြေအနေမျိုးများမှလွဲ၍ Export Permit ကို လိုအပ်ပါသည်။

### (ဂ) ထပ်ဆင့်တင်ပို့ခြင်း Re-Export Permit

Appendix III တွင် ပါဝင်သော မျိုးစိတ်များအား ထပ်ဆင့်တင်ပို့ရာ တွင် ထပ်ဆင့်တင်ပို့မည့် နိုင်ငံ၏ Management Authority မှ ထပ်ဆင့်တင်ပို့မည့် မျိုးစိတ်အား နိုင်ငံ အတွင်း၌ ကိုင်တွယ် ဆောင်ရွက်ခဲ့ကြောင်း (သို့မဟုတ်) ထပ်ဆင့်တင်ပို့ကြောင်း ထပ်ဆင့်တင်ပို့မည့် နိုင်ငံ၏ Management Authority of the State မှ ထောက်ခံ ဖော်ပြချက်အား ထပ်ဆင့်တင်ပို့မည့် မျိုးစိတ်များကို Convention၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည့် သက်သေအထောက်အထားအဖြစ် တင်သွင်းမည့်နိုင်ငံမှ လက်ခံရမည်ဖြစ်သည်။

## CITES အကောင်အထည်ဖော်ခြင်း

၄။ အဖွဲ့ဝင်နိုင်ငံများသည် CITES နှင့်ပတ်သက်၍ နိုင်ငံအလိုက် အကောင်အထည်ဖော်ရန် CITES Management Authority နှင့် CITES Scientific Authority တို့ကို ခန့်အပ်တာဝန်ပေးရပါသည်။ မြန်မာနိုင်ငံတွင် အောက်ပါအတိုင်း ခန့်အပ်တာဝန်ပေးထားပါသည်။



၅။ CITES တာဝန်ခံများ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ကိစ္စရပ်များ၊ မွေးမြူခြင်း၊ မျိုးပွားခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် စိစစ်ကြီးကြပ်ခြင်း နှင့် မှတ်ပုံတင်ထုတ်ပေးခြင်း၊

(ခ) တင်ပို့ခြင်း၊ ထပ်ဆင့်တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ပြပွဲဆိုင်ရာ ခွင့်ပြုချက်ပါမစ် များ (CITES Export/ Re-Export/ Import Permit/ Exhibition Permit) ကို ကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များ နှင့်အညီ ထုတ်ပေးခြင်း၊

(ဂ) ရှားပါး တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင် မျိုးစိတ်များကို နောက်ဆက်တွဲ စာရင်းဝင် မျိုးစိတ်များအဖြစ် သတ်မှတ်နိုင်ရေး နှင့် ကွန်ဗင်းရှင်းမှ အခါအား လျော်စွာ ထုတ်ပြန်သော ပြဋ္ဌာန်းချက်များအပေါ် လိုက်နာ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃ) CITES နောက်ဆက်တွဲ (Appendices) စာရင်းဝင် အပင်နှင့် တောရိုင်း တိရစ္ဆာန်တို့၏ အဆင့်အတန်းသတ်မှတ်ချက်များ ပြင်ဆင်နိုင်ရန်တင်ပြ ဆောင် ရွက်ခြင်း။

၆။ CITES Appendix စာရင်းဝင် မျိုးစိတ်များအား ပြည်ပသို့ တင်ပို့ခြင်း၊ တင်သွင်း ခြင်း၊ ထပ်ဆင့် တင်ပို့ခြင်းအတွက် CITES Permit များ ထုတ်ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ပါသည်။



## ဇီဝမျိုးစုံမျိုးကွဲ နှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) တွင် ပါရှိသည့် CITES ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၇။ ဇီဝမျိုးစုံမျိုးကွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ပတ်သက်သည့် အပြည်ပြည် ဆိုင်ရာ သဘောတူညီချက် (Multi Environmental Agreement–MEA) များတွင် မဖြစ်မနေ အကောင်အထည်ဖော်ရသည့် (Legal Binding ပါရှိသည့်) သဘောတူညီချက်များ နှင့် ဆန္ဒ အလျောက် အကောင်အထည်ဖော်ရသည့် သဘောတူညီချက်များ ဟူ၍ရှိရာ CITES သည် အဖွဲ့ဝင်နိုင်ငံများမှ မဖြစ်မနေ အကောင်အထည်ဖော်ရသည့် သဘောတူညီချက် အမျိုးအစား တွင် ပါဝင်ပါသည်။

၈။ CITES ပြဋ္ဌာန်းချက်များကို ဥပဒေတွင် အပြည့်အဝထည့်သွင်းထားသည့် နိုင်ငံများ ကို Category (1) ၊ ထည့်သွင်းရန် အချိန်ကာလဖြင့် တင်ပြထားသည့်နိုင်ငံများကို Category (2) နှင့် ထည့်သွင်းရန် တင်ပြထားခြင်းမရှိသည့်နိုင်ငံများကို Category (3) ဟူ၍ သတ်မှတ်ထား ရာ မြန်မာနိုင်ငံကို Category (3) တွင် ထည့်သွင်းခဲ့ပါသည်။

၉။ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေး နှင့် သဘာဝနယ်မြေများထိန်း သိမ်းရေးဥပဒေ (၁၉၉၄) ကို အစားထိုးသည့် ဇီဝမျိုးစုံမျိုးကွဲ နှင့်သဘာဝထိန်းသိမ်းရေးနယ်မြေ များ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) တွင် ဥရောပသမဂ္ဂ (EU) မှ ငှားရမ်း သည့် ပြည်ပကျွမ်းကျင်ပညာရှင် (၂) ဦး၏ အကြံပြုချက်ဖြင့် CITES နှင့်သက်ဆိုင် သည့် ပြဋ္ဌာန်းများကို ထည့်သွင်းခဲ့ပါသည်။ ဇီဝမျိုးစုံမျိုးကွဲ နှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) ကို ၂၀၁၈ ခုနှစ်၊ မေလ (၂၁) ရက်နေ့တွင် ပြဋ္ဌာန်းပြီးနောက် CITES အတွင်းရေးမှူးသို့ ပေးပို့ခဲ့ရာ မြန်မာနိုင်ငံကို Category (၂) တွင် ပြောင်းရွှေ့ထည့်သွင်းခဲ့ပါသည်။ CITES နှင့်သက်ဆိုင်သည့် နည်းဥပဒေများကို ပြင်ဆင် ထည့်သွင်းထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့် ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေကြမ်းအား အတည်ပြုထုတ်ပြန်ပြီးပါက မြန်မာနိုင်ငံသည် CITES Category (၁) တွင် ပြောင်းရွှေ့ထည့်သွင်းခံရမည်ဖြစ်ပါသည်။

၁၀။ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈) တွင် ပါရှိသည့် CITES ဆိုင်ရာ ဥပဒေပုဒ်မများမှာ အောက်ပါအတိုင်းဖြစ် ပါသည်။

ဥပဒေပုဒ်မ ၂ (မ)။ ကုန်ဗင်းရှင်း ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်း တိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်းကို ဆိုသည်။

ဥပဒေပုဒ်မ ၂ (ယ) ။ မျိုးစိတ်နမူနာ ဆိုသည်မှာ–

(၁) အရှင် ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် နှင့် အပင်များ၊

(၂) ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊

(၃) နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များတွင် ပါရှိသည့်မျိုးစိတ်များ၊ ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများဖြစ်နိုင်သည့် မည်သည့်အခြေအနေမျိုးမှ ဖြစ်စေ၊ တွဲဖက်ပါရှိလာသည့် စာရွက်စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

ရှင်းလင်းချက်။ နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များဆိုသည်မှာ ကွန်ဗင်းရှင်း မှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်းသုံးခုတွင် ပါရှိသည့် မျိုးစိတ်များကိုဆိုသည်။

ဥပဒေပုဒ်မ ၂ (ရ)။ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့်အပင်များဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့် အပင်များကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်း ခံရသည့် တိရစ္ဆာန် နှင့် အပင်များ၏ အစိတ်အပိုင်း၊ သွေးရည်နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

ရှင်းလင်းချက် ၁။ နိုင်ငံတကာကုန်သွယ်မှုဆိုသည်မှာ နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များကို အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှစတင်ထုတ်ယူခြင်းတို့ကိုဆိုသည်။

ရှင်းလင်းချက် ၂။ ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း ဆိုသည်မှာ မည်သည့်နိုင်ငံ၏ အချုပ်အခြာ အာဏာသက်ရောက်မှုမရှိသည့် ပင်လယ်ပြင်မှ ထုတ်ယူသည့် မျိုးစိတ်တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်း ကိုဆိုသည်။ ဤစကားရပ်တွင်ပင်လယ်ပြင်အထက်ရှိ လေထု၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်ကြမ်းပြင်အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။

ဥပဒေပုဒ်မ ၃ (ဃ)။ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှတစ်ဆင့် ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သောပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊

ဥပဒေပုဒ်မ ၁၉ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် –

(င) ကွန်ဗင်းရှင်းမှထုတ်ပြန်သည့်စာရင်းများကို အများပြည်သူသိရှိနိုင်ရေး သတ်မှတ်ကြေညာရမည်။

ဥပဒေပုဒ်မ (၂၀) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်–

(က) ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှုအခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(ခ) သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

ဥပဒေပုဒ်မ (၂၁) ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် –

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ် သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

ဥပဒေပုဒ်မ (၂၂) ညွှန်ကြားရေးမှူးချုပ်သည် –

(င) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေးအလို့ငှာလည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင်ရေး နှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များ သတ်မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့်၊ မျိုးပွားခွင့် သို့မဟုတ် လွှဲပြောင်းခွင့် ပြုနိုင်သည်။

(စ) ပုဒ်မခွဲ (ခ) နှင့် (င) တို့အရ လုပ်ကိုင်ခွင့်ပြုသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်သော နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သို့မဟုတ် မှတ်ပုံတင်ရန် သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်တို့ကို တာဝန် ပေးအပ်ရမည်။

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုး တောရိုင်းတိရစ္ဆာန် များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုး ကင်းရှင်းမှု မရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက် ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်

လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည် သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

ဥပဒေပုဒ်မ ၂၃ (က)။ ဩွန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကို ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကို ဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ပ သို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက် ပေးနိုင်သည်။

ဥပဒေပုဒ်မ ၂၃ ( ခ)။ ဩွန်ကြားရေးမှူးချုပ်သည် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့ ၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းရန်၊ ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်။

ဥပဒေပုဒ်မ ၂၃ ( ဂ)။ ထောက်ခံချက် ရယူလိုသူသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ထုတ်ပေးမည့် ထောက်ခံချက်အတွက် စစ်ဆေးခ၊ ပါမစ်ကြေး သို့မဟုတ် အခြားစရိတ်ကြေးငွေများကို သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

ဥပဒေပုဒ်မ ၂၃ (ဃ)။ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင်ထုတ် ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မခွဲ (ခ) အရ ထောက်ခံချက် ရရှိထားသူကိုသာ ပါမစ် သို့မဟုတ် လိုင်စင် ထုတ်ပေးရမည်။

ဥပဒေပုဒ်မ ၃၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသော စာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပ ပြုလုပ်ခြင်း၊

(ဇ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန် နှင့် အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

ဥပဒေပုဒ်မ ၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ ကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့်တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်း၊ ယင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ် ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်း နည်းဖြင့် ဖျက်စီးခြင်း၊ ယင်းအပင်ကို ဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန် နှင့် အပင်များကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တို့အရ ထုတ်ပေးထားသော ထောက်ခံချက်

မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံ တင်ပို့ ခြင်း။

## ဥပဒေအရ ကာကွယ်ထားသည့် မျိုးစိတ်များ

၁၁။ နိုင်ငံ၏ သဘာဝမှ ပေးအပ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းနှင့် လျော့နည်းသွားခြင်းကို အဓိကဖြစ်စေသည့် အကြောင်းအရင်းတစ်ခုမှ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့်ယင်းတို့၏ အစိတ်အပိုင်းများကို တရားမဝင်ရောင်းဝယ်ခြင်းဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့်ယင်းတို့၏ အစိတ်အပိုင်းများကို တရားမဝင် အမဲလိုက်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို ထိရောက်စွာ အရေးယူနိုင်ရန် မြန်မာနိုင်ငံအတွင်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ စာရင်း (၂၀၂၀) ကို ထုတ်ပြန်ထားပြီး အောက်ပါတို့ပါဝင်ပါသည်–

(က) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ** (မျိုးစိတ် ပေါင်း ၅၇၇ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၇၇ မျိုး၊ ငှက်မျိုးစိတ် ၄၂၈ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၅၃ မျိုး နှင့် အဏ္ဏဝါနှင့် ရေချိုမျိုးစိတ် ၉ မျိုး)၊

(ခ) **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ** (မျိုးစိတ်ပေါင်း ၃၁၈ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၃၉ မျိုး၊ ငှက်မျိုးစိတ် ၂၆၇ မျိုး နှင့် ကုန်းနေရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၁၂ မျိုး)၊

(ဂ) **ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ** (မျိုးစိတ်ပေါင်း ၁၉၄ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၁ မျိုး၊ ငှက်မျိုးစိတ် ၁၉၃ မျိုး) ။

၁၂။ ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန် များနှင့်ပတ်သက်၍ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈)ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဥပဒေပုဒ်မ ၂ ( ခ)။ **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝ အတိုင်း ပေါက်ဖွားကျက်စားလျှက်ရှိ သော သို့မဟုတ် နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါ တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေ သားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး နှင့် အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများ လည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၂ ( ဂ)။ **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေ အောက်ရှိ အပင်တို့ကို

ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၂ (ပ)။ **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါး ပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်း သိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန် များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း ခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွား ထုတ်လုပ် ထားသော ပစ္စည်းများလည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၂ (ဖ)။ **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက် ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်မှု အခြေအနေ မရှိသော်လည်း မျိုးဆက် ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ် ထိန်းသိမ်းရန် အလို့ငှာသစ်တောဦးစီးဌာနက အမိန့် ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းများလည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၂ (ဗ)။ **ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နိုင်မှုအဆင့် သို့မဟုတ် မျိုးဆက်ပျက်သုဉ်း မည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့် အဆင့်နည်းပါးပြီး အရေအတွက်ပေါများမှု ရှိနေခြင်း နှင့် သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှု ကောင်းမွန်ပြီး ပေါများစွာ တွေ့ရှိရခြင်းတို့ကြောင့် အမဲလိုက်ခွင့် ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအလျောက် မျိုးဆက် ပေါက်ဖွားရှင်သန်မှုကို ထိခိုက်မှုမရှိစေရန်ဖြစ်စေ အချိန် ကာလ သတ်မှတ်ကာကွယ် ထိန်းသိမ်းနိုင်ရန် အလို့ငှာ သစ်တောဦးစီးဌာနက အမိန့် ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ် တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက်ဒေသ ပြောင်းရွှေ့ကျက်စားလေ့ရှိသည့် တောရိုင်း တိရစ္ဆာန်များ၏ အစိတ်အပိုင်း နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၂ (ဘ)။ **အမဲလိုက်ခြင်း** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်ကို နည်းလမ်း တစ်မျိုးမျိုးဖြင့် အနာတရဖြစ်စေ၊ ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကို ဆိုသည်။

ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းလည်း ပါဝင်သည်။

ဥပဒေပုဒ်မ ၁၉။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် –

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ အောက်ပါ အမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် –

(၁) လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ် ထိန်းသိမ်းနိုင်ရန် အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်။

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် မကျရောက်စေရန် နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်း သတ်မှတ်ချက်ကို နိုင်ငံတော်၏ လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

(ဆ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့်ညှိနှိုင်းဆောင်ရွက်ရမည်။

ဥပဒေပုဒ်မ ၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် –

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို ဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့်နှင့် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝအပင်ကို စမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာသုတေသန ပြုလုပ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေမှ ထုတ်ယူခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိ သည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများကို သုတေသနလုပ်ငန်းအတွက် ဖြစ်စေ၊ သိပ္ပံနည်းကျအမျိုးအမည်ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ပြည်ပသို့ တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်ပမျိုး တောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသနပြု လုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့် သို့မဟုတ် လက်ဝယ်ထားခွင့် ပြုနိုင်သည်။

(င) ပြည်ပမျိုး သဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သုတေသန ပြုလုပ်ခွင့်ရသူအား စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်ခြင်း သို့မဟုတ် မျိုးပွားခြင်း ပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့် ပြုနိုင်သည်။

ဥပဒေပုဒ်မ ၂၂။ ညွှန်ကြားရေးမှူးချုပ်သည် –

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေး အလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန် နှင့် မျိုးပွား စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင် အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်။

( ခ) ပုဒ်မခွဲ(က)အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန် နှင့် မျိုးပွားစိုက်ပျိုးခြင်း ပြုနိုင်သော သဘာဝအပင်များကို စည်းကမ်း

သတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့် ပြုနိုင်သည်။

( ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

ဥပဒေပုဒ်မ ၂၃ (က)။ ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်။

ဥပဒေပုဒ်မ ၂၃ ( ဃ)။ ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့် သို့မဟုတ် စိုက်ပျိုးခွင့် သို့မဟုတ် မျိုးပွားခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်း ခွင့်ပြုနိုင်သည်။

ဥပဒေပုဒ်မ ၂၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြား တောရိုင်းတိရစ္ဆာန်များအား အမဲလိုက်သူကို စည်းကမ်းချက်များ သတ်မှတ်၍ အမဲလိုက်ခွင့် လိုင်စင်ထုတ်ပေးနိုင်သည်။ ဥပဒေပုဒ်မ ၃၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်–

( ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြု ချက်မရှိဘဲ စီးပွားရေး အလို့ငှာ မွေးမြူခြင်း၊

ဥပဒေပုဒ်မ ၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း၊ ယင်းတောရိုင်း တိရစ္ဆာန်ကို ဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကို ဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

( ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့် နေရာဒေသအတွင်း ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

ဥပဒေပုဒ်မ ၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သို့မဟုတ် နိုင်ငံ တကာကုန်သွယ်မှုတွင် ကာကွယ် ထိန်းချုပ်သည့်တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

( ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင်ကို သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်စီးခြင်း၊ ယင်းအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကို ဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

## CITES Permit အတုများ

၁၃။ မျိုးစိတ်များအား ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းတို့ပြုလုပ်ရာတွင် CITES နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များ နှင့် ပတ်သက်၍ Permit အတုများ ပြုလုပ်အသုံးချကြသည်ကို ကြုံတွေ့ရလေ့ရှိပါသည်။

၁၄။ သစ်တောဦးစီးဌာနသည် ပြည်ပမှမျိုးစိတ်များ တင်သွင်းရန် ထောက်ခံချက်အား ကုမ္ပဏီအဖွဲ့အစည်းများမှ လျှောက်ထားလာသည့်အခါ ပူးတွဲတင်ပြသည့် CITES Permit နှင့် ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံ၏ CITES Management Authority ထံ ဆက်သွယ်၍ အတည်ပြုချက်

ရယူပါသည်။ အလားတူ မြန်မာနိုင်ငံမှ ထုတ်ပေးထားသည့် CITES Permit အပေါ် သက်ဆိုင်ရာ နိုင်ငံမှ သစ်တောဦးစီးဌာနသို့ အတည်ပြုချက်ရယူပါသည်။

## သစ်တောဦးစီးဌာနမှ အသုံးပြုသည့် CITES Permit (နမူနာ)


CITES
Convention on International Trade in Endangered Species of Wild Fauna and Flora
FOREST
PERMIT NUMBER :
☑ Export
☐ Re - export
☐ Import
☐ Other
2. Valid Until :
3. Exporter or Re-exporter
4. Issuing Management Authority
Director General
Forest Department
Ministry of Natural Resources and Environmental Conservation
The Republic of the Union of Myanmar
Tel : (95-67-3) 405477 Fax : (95-67-3) 405393
Email : irfdmyanmar@gmail.com ; nwcdfdmof@gmail.com
5. Importer (Consignee)
6. Country of (re-) exportation
7. Country of destination
8. Purpose of transaction
9. Special Condition

| 10. Scientific Name | 11. Common Name | 12. Description | 13. Appendix & Source | 14. Quantity |
|---|---|---|---|---|
| | | | | |

15. Country of Origin
16. Permit No.
17. Date of Issue
18. This permit is issued by:
Place:
Date:
Signature and Seal
19. For custom purposes:

| Net mass | Quantity |
|---|---|
| | |

Custom document :
Type :
Number :
Date :
Signature and Seal

## သစ်တောဦးစီးဌာနမှ စိစစ်ရန် ပြည်ပနိုင်ငံ၏ CITES Management Authority မှ ပေးပို့လာသည့် CITES Permit



**Convention on International Trade in Endangered Species of Wild Fauna and Flora**

☐ EXPORT ☐ RE-EXPORT ☐ IMPORT ☐ OTHER

PERMIT NUMBER: 05MMD/0233

ORIGINAL

Valid Until: 20 JUN 2015

Export or Re-export:
Wan Bee Trade Co Ltd.
No 99 Chenggong,
E Rd Taiping Dist,
Taichung City 41140,
Taiwan Province China

Country of (Re) export: Myanmar

Country of Destination: Taiwan

Purpose of Transaction: T

Consignee( negotiable if only consigned "to order", "to order of" a named person or "to order of bearer") :
Ayeyarwady Trading Enterprises Ltd.
Bldg; Lanmadaw Township,
77/78, Bahosi Housing Estate,
Yangon, Myanmar

Issuing Management Authority:
The Director - General
Forest Department
Ministry of Forestry
The Union of Myanmar

Special Condition:
This permit is issued in accordance with the captive breeding under the permission of the Forest Department, Myanmar

| Scientific Names | Common Names | Description / Sizes | Appendix & Source | Quantity |
|---|---|---|---|---|
| 1. *Geochelone elegans* | Indian Star Tortoises | Live; larvae (5-12cm) | II/C | 10 (5:5) |
| 2. *Geochelone elegans* | Indian Star Tortoises | Live; adult (26.4-30cm) | II/C | 10 (5:5) |
| 3. *Geochelone elegans* | Indian Star Tortoises | Live; adult (60-75cm) | II/C | 10 (5:5) |
| 4. *Geochelone elegans* | Sri Lankan Tortoises | Live; larvae (10-12cm) | II/C | 10 (5:5) |
| 5. *Geochelone denticulate* | Yellowfoot Tortoises | Live; adult (20-26cm) | II/C | 10 (5:5) |
| 6. *Geochelone elegans* | Burmese Star Tortoises | Live; adult (30-44cm) | II/C | 10 (5:5) |
| 7. *Geochelone elegans* | Burmese Star Tortoises | Live; larvae (10-13cm) | II/C | 60 (30:30) |
| 8. *Aldabrachelys gigantea* | Aldabra Tortoises | Live; larvae (10-16cm) | II/C | 20 (10:10) |
| 9. *Aldabrachelys gigantea* | Aldabra Tortoises | Live; adult (30-44cm) | II/C | 2 (1:1) |

This permit is issued by:

FOREST DEPARTMENT MYANMAR · OFFICE OF THE DIRECTOR GENERAL · F.D.M YANGON

Country Of Origin: Myanmar

(Soe Win Hlaing)
Director General
Forest Department
Signature & Seal

Place: Yangon

Date: 20 MAR 2015

For Custom Purposes:

| Net Mass | Quantity |
|---|---|
| | |

Custom Document No:

Type:

Number:

Date:

Signature & Seal

658 5212 4512

## မျိုးစိတ်များ ပြည်တွင်းသယ်ယူခွင့် ထောက်ခံစာ လျှောက်ထားရာတွင် တင်ပြသည့် CITES Permit အတုများ

แบบ พ.พ. 14
**ORIGINAL**

PLANT ACT B.E. 2518 (1975)

CONVENTION ON INTERNATIONAL TRADE IN ENDANGERED SPECIES OF WILD FAUNA AND FLORA

[ ] IMPORT PERMIT
[ ] EXPORT PERMIT
[ ] RE-EXPORT PERMIT
[X] OTHER CERTIFICATE

Page 1 of 1

1. PERMIT/CERTIFICATE No.
2015 TH 001606 / BE

2. Valid until
September 30, 2015

3. Consignee (name, address and country)
Asia Net Work Co., Ltd.
No. 6/780 Zay Street Ward (6)
Hp. An T/ S. Kayin Myanmar

4. Permittee (name, address and country)
Mr. Aekachai Rungarul
100 (5)P T. Taton Mae-eye
Chiangmai 50280, Thailand

5. Special conditions

5a. Purpose of the transaction T

6. Management Authority
DEPARTMENT OF AGRICULTURE
CHATUCHAK, BANGKOK 10900
THAILAND.
Tel 66-2940-5687
Fax 66-2940-5687

| | 7/8 Common name and Scientific name of plants (genus and species) | 9. Description of specimens | 10. Appendix no. and source (see reverse) | 11. Quantity (including unit) | 12. Country of origin and Permit/ Certificate No. |
|---|---|---|---|---|---|
| A | Orchid<br>*Dendrobium* hybrids | Flower | II A | 100,000 Kg | Thailand |
| B | | | | | |
| C | | | | | |
| D | | | | | |

13. THIS PERMIT/CERTIFICATE IS ISSUED BY

Bangkok — Place
March 30, 2015 — Date
Ms. Duangduen Sripotar
Agricultural Research Officer,
Senior Professional Level
Signature and title

Official stamp: DEPARTMENT OF AGRICULTURE

14. EXPORT/IMPORT ENDORSEMENT:

| See block 7/8 | Quantity |
|---|---|
| A | |
| B | |
| C | |
| D | |

Port of Exportation/Importation

Date — Signature of Plant Inspector — Official stamp: DEPARTMENT OF AGRICULTURE

No. 79944

แบบ พ.พ. 14
**ORIGINAL**

| | | |
|---|---|---|
| **PLANT ACT B.E. 2518 (1975)**<br><br>**CONVENTION ON INTERNATIONAL TRADE IN ENDANGERED SPECIES OF WILD FAUNA AND FLORA** | ☐ IMPORT PERMIT<br>☐ EXPORT PERMIT<br>☐ RE-EXPORT PERMIT<br>☒ OTHER CERTIFICATE | Page 1 of 1<br>1. PERMIT/CERTIFICATE No.<br>2015 TH 001657 / BE<br>2. Valid until<br>October 01, 2015 |

| | |
|---|---|
| 3. Consignee (name, address and country)<br>Asia Net Work Co., Ltd.<br>No. 6/780 Zay Street Ward (6)<br>Hp. An T/ S. Kayin Myanmar | 4. Permittee (name, address and country)<br>Mr. Aekachai Rungarul<br>100 (5)P T. Taton Mae-eye<br>Chiangmai 50280, Thailand |
| 5. Special conditions<br><br>5a. Purpose of the transaction T | 6. Management Authority<br>**DEPARTMENT OF AGRICULTURE**<br>**CHATUCHAK, BANGKOK 10900**<br>**THAILAND.**<br>**Tel 66-2940-5687**<br>**Fax 66-2940-5687** |

| 7/8 Common name and Scientific name of plants (genus and species) | 9. Description of specimens | 10. Appendix no. and source (see reverse) | 11. Quantity (including unit) | 12. Country of origin and Permit/ Certificate No. |
|---|---|---|---|---|
| A **Orchid**<br>***Dendrobium*** **hybrids**<br>***Vanda*** **hybrids**<br>***Cattleya*** **hybrids** | **Plant**<br>**Plant**<br>**Plant** | **II A**<br>**II A**<br>**II A** | **50,000 Plants**<br>**5,000 Plants**<br>**5,000 Plants** | **Thailand**<br>**Thailand**<br>**Thailand** |
| B **Orchid**<br>***Mokara*** **hybrids**<br>***Ascocenda*** **hybrids**<br>***Oncidium*** **hybrids** | **Plant**<br>**Plant**<br>**Plant** | **II A**<br>**II A**<br>**II A** | **1,000 Plants**<br>**1,000 Plants**<br>**1,000 Plants** | **Thailand**<br>**Thailand**<br>**Thailand** |
| C | | | | |
| D | | | | |

13. THIS PERMIT/CERTIFICATE IS ISSUED BY

| Place | Date | Signature and title | Official stamp |
|---|---|---|---|
| Bangkok | April 01, 2015 | D. Sripotar<br>Ms. Duangduen Sripotar<br>Agricultural Research Officer,<br>Senior Professional Level | DEPARTMENT OF AGRICULTURE |

14. EXPORT/IMPORT ENDORSEMENT :

| See block 7/8 | Quantity |
|---|---|
| A | |
| B | |
| C | |
| D | |

Port of Exportation/Importation

Date　　Signature of Plant Inspector　　Official stamp

DEPARTMENT OF AGRICULTURE

No. 79973

ORIGINAL

**PLANT ACT B.E.2518 (1975)**

**CONVENTION ON INTERNATIONAL TRADE IN ENDANGERED SPECIES OF WILD FAUNA AND FLORA**

☐ IMPORT PERMIT
☑ EXPORT PERMIT
☐ RE-EXPORT PERMIT
☐ OTHER CERTIFICATE

Page 1 of 1

1. Permit/Certificate No. **BE 6842**

2. Valid Until **Dec 8-2016**

3. Consignee (name,address and country)
**Power 31 Company Limited.**
**No.34/A, Bago Street Ward, Htauk Kyaunt, Mingalerdon Township, Yangon Region, Myanmar.**
**Tel: +959 42 10 32326**

4. Permited (name,address and country)
**Mrs. Peetoo Rungareel**
**No. (80-80/1), Bantung Road, Bangkok City, Thailand**

5. Special Conditions
-

5a. Purpose of the transaction

6. Management Authority
**DEPARTMENT OF AGRICULTURE**
**CHATUCHAK, BANGKOK 109000**
**THAILAND,**
**Tel 66-2940-5687**
**Fax 66-2940-5687**

| | 7/8. Common name and Scientific name of plants (genus and species) | 9. Description of speciments | 10.Appendix no and source (see reverse) | 11.Quantity (including unit) | 12.Country of origin and Premit/ Certificate No |
|---|---|---|---|---|---|
| A. | **Orchid Dendrobium Hybrids** | **Flower** | **IIA** | **100,000 Kg** | **Thailand** |
| B. | **Orchid Cut Flower Dendrobium Hybrids (1Pkt=30Kg)** | **Flower** | **IIA** | **10,000 Pkt** | **Thailand** |
| C. | **Cattleya Hybrids** | **Flower** | **IIA** | **20,000 Kg** | **Thailand** |
| D. | **Vanda Hybrids** | **Flower** | **IIA** | **20,000 Kg** | **Thailand** |

13. THIS PERMIT/CERTIFICATE IS ISSUED BY

**Bangkok** — Place
**July 8, 2016** — Date
Ms.Duangduen Sripotar
Agricultural Research Officer
Signature and Title
stamp

14. EXPORT/IMPORT ENDORSEMENT :

| see bolck 7/8 | Quantity |
|---|---|
| A | |
| B | |
| C | |
| D | |

Port of Exportation/Importation

**July 8, 2016** — Date
Signature of Plant Inspector
stamp

No. **70513**

**နောက်ဆက်တွဲ ၁။** မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ (၂၀၂၀)

၁။ <u>လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ</u>

**(က) နို့တိုက်သတ္တဝါများ**

| အမှတ်စဉ် | မြန်မာအမည် | သိပ္ပံအမည် | အင်္ဂလိပ်အမည် |
|---|---|---|---|
| ၁ | ပသျှူး/ မလေးသင်းခွေချပ် | *Manis javanica* | Sunda Pangolin |
| ၂ | တရုတ်သင်းခွေချပ် | *Manis pentadactyla* | Chinese Pangolin |
| ၃ | မျောက်လောင်းပျံ | *Galeopterus variegatus* | Sunda Flying Lemur |
| ၄ | မျောက်လေပွေ/ မျောက်မောင်းမ | *Nycticebus bengalensis* | Bengal Slow Loris |
| ၅ | မျောက်မျက်ကွင်းဖြူ | *Trachypithecus phayrei* | Phayre’s Langur |
| ၆ | မျောက်မျက်ကွင်းဖြူ | *Trachypithecus obscurus* | Dusky Langur |
| ၇ | တနင်္သာရီ သစ်ရွက်စားမျောက် | *Trachypithecus barbei* | Tennaserim Langur |
| ၈ | မျောက်မြီးရှည် | *Presbytis femoralis* | Banded Langur |
| ၉ | မျောက်ညို | *Trachypithecus pileatus* | Capped Langur |
| ၁၀ | မျောက်ညို | *Trachypithecus shortridgei* | Shortridge's Langur |
| ၁၁ | မျောက်ညို | *Trachypithecus germaini* | Indochinese Lutung |
| ၁၂ | မြန်မာနှာလန်မျောက် | *Rhinopithecus strykeri* | Myanmar Snub-nosed Monkey |
| ၁၃ | အာသံမျောက် | *Macaca assamensis* | Assamese Macaque |
| ၁၄ | မျောက်ပုတီး | *Macaca leonina* | Northern Pig-tailed Macaque |
| ၁၅ | မျောက်မြီးတို | *Macaca arctoides* | Stump-tailed Macaque |
| ၁၆ | မျောက်တံငါ | *Macaca fascicularis* | Long-tailed Macaque |
| ၁၇ | မျောက်လွှဲကျော် (မျက်ခုံးဖြူ) | *Hoolock hoolock* | Western Hoolock Gibbon |
| ၁၈ | မျောက်လွှဲကျော် (မျက်ခုံးဖြူ) | *Hoolock leuconedys* | Eastern Hoolock Gibbon |
| ၁၉ | မျောက်လွှဲကျော် (လက်ဖြူ) | *Hylobates lar* | White-handed Gibbon |
| ၂၀ | စကိုင်းဝေါ့ကာ မျောက်လွှဲကျော် | *Hoolock tianxing* | Skywalker Gibbon |
| ၂၁ | တောခွေး | *Cuon alpinus* | Dhole |
| ၂၂ | မြေခွေးနီ | *Vulpes vulpes* | Red Fox |
| ၂၃ | ကြောင်နီ/ပန်ဒါနီ | *Ailurus fulgens* | Red Panda |
| ၂၄ | ခွေးဝံ/ဝက်ဝံ | *Helarctos malayanus* | Sun Bear |
| ၂၅ | မြင်းဝံ/ဝက်ဝံ | *Ursus thibetanus* | Asian Black Bear |
| ၂၆ | ခွေးတူဝက်တူ | *Arctonyx collaris* | Hog Badger |
| ၂၇ | ချောင်းဖျားဖျံ | *Lutra lutra* | Eurasian Otter |
| ၂၈ | ဖျံခြေသည်းငယ် | *Aonyx cinereus* | Oriental Small-clawed Otter |
| ၂၉ | ဆူမားတြားဖျံ | *Lutra sumatrana* | Hairy-nosed Otter |
| ၃၀ | ဖျံအမွေးနု၊ ဖျံမွေးချော | *Lutrogale perspicillata* | Smooth-coated Otter |
| ၃၁ | ကြောင်မြင်း | *Viverra zibetha* | Large Indian Civet |
| ၃၂ | ကြောင်မြင်းကြွက် | *Viverra megaspila* | Large-spotted Civet |
| ၃၃ | လင်စိုင်ပြောက် | *Prionodon pardicolor* | Spotted Linsang |
| ၃၄ | လင်စိုင်ကြား | *Prionodon linsang* | Banded Linsang |
| ၃၅ | ဝံကြောင် | *Arctictis binturong* | Binturong |
| ၃၆ | ကြောင်ဝံစင်းကြား | *Hemigalus derbyanus* | Banded Civet |
| ၃၇ | ကြောင်ဝံနဂါး | *Paguma larvata* | Masked Palm Civet |

| အမှတ်စဉ် | မြန်မာအမည် | သိပ္ပံအမည် | အင်္ဂလိပ်အမည် |
|---|---|---|---|
| ၃၈ | ကြောင်ဝံနားရွက်ဖြူ | *Arctogalidia trivirgata* | Small-toothed Palm Civet |
